ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ နှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

နားလုံကျေးရွာ ၊နားလုံကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

## မာတိကာ


၁။ပင်လည်ဘူးမြို့နယ်မြေပုံ ..................... 2

၂။နားလုံအုပ်စုမြေပုံ ..................... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ..................... 4

၄။ကျေးရွာအခြေခံအချက်အလက်များ ..................... 4

၅။လူထုပူးပေါင်းပါဂင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ..........5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...7

၇။ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..................... 23

၈။ကော်မတီဝင်များစာရင်း ..................... 29

၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ..................... 30

၁၀။ပုံစံစ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား ..................... 33

၁၁။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..................... 35

၁၂။ပုံစံစ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ..................... 37


၁၃။အစည်းအဝေးမှတ်တမ်းများ ..................... 38

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ် .........40


## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်

### ပင်လည်ဘူးမြို့နယ် UTM မြေပုံ



## ၂။ နားလုံအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

နားလုံ၊ နံတုန်း ကျေးရွာတို့ဖြစ်ပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

နားလုံကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း၁၅၀ ခန့်မှစ၍ လယ်စောင် တဲ ၇၊၈ အိမ်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ရွာအမည်ဟူ၍ သတ်သတ်မှတ်မှတ် မရှိပဲ နှစ်အနဲငယ်ကြာမှ ရှမ်းအခေါ် လယ်ကို (နား)လယ်ကို လုံခြုံအောင်စောင့်ရှောက်သည်ကို အစွဲပြု၍ နားလုံကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ကျေးရွာတွင် ရှမ်းနီ လူမျိုးများသာနေထိုင်ကြပြီး အိမ်ခြေအားဖြင့် (၅၇)အိမ်ထောင်စုနေထိုင်ကြပြီး မြို့နှင့် မိုင်(၃၀)ခန့်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးအားဖြင့် မိုးတွင်းကာလတွင် အလွန်တရားခတ်ခဲပြီး ပွင့်လင်းရာသီတွင် ဗမောက်လမ်းမှ သွားလာရာတွင် ကောင်းမွန်ပါသည်။နားလုံကျေးရွာအနေဖြင့် ဗမောက်မြို့နယ် နှင့် ထိစပ်နေပါသည်။

**ထူးခြားဖြစ်စဉ်**

မရှိပါ

### ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

**မရှိပါ**

### ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၀ | ၁၁ | ၁၁ | ၂၂ |
| မြေယာမဲ့ | ၆ | ၁၄ | ၁၄ | ၂၈ |
| မသန်စွမ်း | ၁ | ၁ | | ၁ |

### ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ | ဖျာ ယက် | ဈေးဆိုင် |
| နှမ်းစိုက် | နွား | တောင်း ယက် | |
| -မုန်ညှင်း | ဝက် | ခမောက် ယက် | |
| ဆင်ခရမ်းချဉ်သီး | ကြက် | ဇကော ယက် | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၅၀၈ဧက | ၁၃၅ဧက | ၁၂၅ ဧက | ရှိ | ၁၄/၂ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၄ | - | ၁ | - | ၂ | ၄ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၈ | ၃ | ၇၅/၇၅ | ၁၁၁ | ၂၄၈ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၁၁၄ | ၃၇ | ၄ | ၉၇ | |
| | | | | | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၆-၁၂-၁၅ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၄၃ | ၂၇ | ၇၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၆-၁၂-၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊အမျိုးသားများ | ၄၃ | ၂၇ | ၇၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/Resource Map) | ၆-၁၂-၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၄၃ | ၂၇ | ၇၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၉-၁၂-၁၆ | အမျိုးသားများကော်မတီဝင်များ | ၃၆ | ၂၆ | ၆၂ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းမျ ား၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၉-၁၂-၁၇ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၃၆ | ၂၆ | ၆၂ | အကျိုးပြဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၉-၁၂-၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့ | ၃၆ | ၂၆ | ၆၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၉-၁၂-၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၃၆ | ၂၆ | ၆၂ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၈ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၈-၁၂-၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၃၆ | ၂၆ | ၆၂ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ**-အုတ်လိုင်းပြေး၊ခြေတံရှည်၊သွပ်မိုး၊ပျဉ်ထောင် **မြေယာပိုင်ဆိုင်မှု-** ၁၀ ကေအထက် **ကျွဲ၊ နွား-** ၇ ကောင်အထက် **အခြားပိုင်ဆိုင်မှု-** ထွန်းစက်၊ ရေစုပ်စက်၊ TV။ စပါးကြိတ်စက်၊ ဆိုင်ကယ်၊ (အထက်တန်း၊အလယ်တန်းကျောင်းသားရှိ) | ၉ | ၁၆% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ခြေတံရှည်အိမ် **မြေယာပိုင်ဆိုင်မှု-** ၅၈ကေ **ကျွဲ၊ နွား-** ၅ ကောင် **အခြားပိုင်ဆိုင်မှု-** လှည်း၊ဆိုင်ကယ်၊(အလယ်တန်းကျောင်းနေအရွယ်ကျောင်းသားရှိ) | ၃၅ | ၆၁% |
| နွမ်းပါး | **အိမ်အခြေအနေ-** ဝါးထရံကာ၊ သက်ကယ်မိုး၊ထရံကာ၊ ခြေတံရှည်အိမ် **မြေယာပိုင်ဆိုင်မှု-** ၂ ကေ **ကျွဲ၊ နွား-** ၃ ကောင်အောက် **အခြားပိုင်ဆိုင်မှု-** (မူလတန်းကျောင်းကျောင်းနေအရွယ်ကလေးရှိ)၊ကျောင်းထားနိုင် | ၁၃ | ၂၃% |
| | | | |
| စုစုပေါင်း | | **၅၇** | **၁၀၀%** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

တပိုတွဲလ လယ်မှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လ လယ် မှ စ၍ တော်သလင်း လအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပိုတွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။

စိုက်ပျိုးရေး-ကဆုန်၊နယုန်လတွင်စပါးစိုက်ပျိုးရန်ပျိုးထောင်ကြပြီးဝါဆို၊ဝါခေါင်လတွင်ကောက်စိုက်ကြပါသည်။ သခွား၊ပြောင်း၊နှမ်း၊မြေပဲ၊အာလူး၊ကြက်သွန်အနည်းငယ်စိုက်ပျိုးကြသည်။စိုက်ပျိုးရေးလုပ်ငန်းမှ တစ်နေ့ဝင်ငွေ ၂၅၀၀ ကျပ်၊ တစ်လ ဝင်ငွေ ၇၅၀၀၀ ကျပ် နှင့် တစ်နှစ်ဝင်ငွေ ၉၀၀၀၀၀ ကျပ် ရရှိပါသည်။

မွေးမြူရေး-မွေးမြူရေး လုပ်ငန်းများကို ရာသီမရွေးလုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်အတွက် ကျွဲ၊ နွားများမွေးမြူကြပြီး အိမ်ခြေထက်ဝက်ခန့်မှာ ကြက်၊ဝက်များမွေးမြူကြပါသည်။

နေ့စားလုပ်ငန်း-ဝါဆို၊ဝါခေါင်လတွင် လယ်ယာလုပ်ငန်းခွင် များရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း နှင့် နတ်တော် လများတွင်စပါးရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများ ရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ နေ့စားလုပ်ငန်းမှ တစ်နေ့ဝင်ငွေ၃၀၀၀ ကျပ်၊ တစ်လ ဝင်ငွေ ၉၀၀၀၀ကျပ် နှင့် တစ်နှစ်ဝင်ငွေ ၇၀၀၀၀၀ ကျပ် ရရှိပါသည်။

သဘာဝဘေးအန္တရာယ်။မိုးရာသီတွင်မိုးသည်းထန်ခြင်းရံဖန်ရံခါ စပါးခင်းများရေလွှမ်းပါသည်။ လေပြင်းကျရောက် တတ်သည့်အခါလည်းရှိပါသည်။

ဝမ်းစာဖူလုံမှု-ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်လများတွင် စပါးကုန်ချိန်ဖြစ်၍ဝမ်းစာဖူလုံမှုမရှိပါ။

အလုပ်သမားရှားပါးမှု- တန်ခူး၊နတ်တော်၊ပြာသိုလများတွင်အလုပ်သမားရှားပါးမှုများရှိပါသည်။ ပွင့်လင်းရာသီတွင် ရွှေ့ပြောင်းလုပ်သားသွားလာမှုရှိပါသည်။

ပွဲတော်များ-တန်ခူးလတွင် သင်္ကြန်ပွဲတော်ပြုလုပ်ပါသည်။ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ဝါဆိုလတွင် သင်္ကန်းကပ်ပွဲတော်ရှိပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ရှိပါသည်။တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် အလှူပွဲများရှိပါသည်။

**သုံးသပ်ချက်**

နားလုံကျေးရွာ၏ ရာသီခွင်ပြ သုံးသပ်ချက် အရ ကျေးရွာလူထု အနေဖြင့် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီ၌ ဆောင်ရွက်သင့်ကြောင်း သုံးသပ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် နားလုံကျေးရွာ အနေဖြင့် လယ်ယာ လုပ်ငန်းကို လုပ်ကိုင်ကြသည့်အတွက် မိုးတွင်းကာလ ဆောင်းတွင်းကာလ များတွင် အကောင်အထည်ဖော် လယ်ယာ လုပ်ငန်း စတင်ချိန်နှင့် ရိတ်သိမ်းချိန် တို့နှင့် တိုက်ဆိုင်နေပါသည်။ ထို့ကြောင့် ရာသီသဉတု သာယာပြီး ရွာသူ/သားများ အားလုံး ပူးပေါင်း ပါဝင် နိုင်သည့် ပွင့်လင်း ရာသီ အချိန်တွင်သာ ဆောင်ရွက်သင့်ကြောင်း သုံးသပ်မိပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

လူနေထိုင်မှု ပုံစံ-စီပွားရေးအဆင့် (၄) မျိုးရှိပြီး ကျေးရွာများတွင် ရှမ်းလူမျိုးများစုစည်းစွာနေထိုင်ကြပါသည်။

လမ်းပန်းဆက်သွယ်ရေး-နားလုံကျေးရွာသည် ပင်လည်ဘူးမြို့နှင့် ၃ဂမိုင်ခန့်ကွာဝေးပြီးကျေးရွာတွင်းရှိလမ်းများ၊ရွာချင်းဆက်လမ်းများမှာမြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလများတွင် လမ်းပန်းဆက်သွယ်ရေးအလွန်တရာမှ ခတ်ခဲပါသည်။

ကျန်းမာရေး-ကလေးမွေးဖွားခြင်းအတွက် အရံသားဖွား၊ အရပ်လက်သည်ရှိပါသည်။ အဓိကဆေးကုသမှုခံယူခြင်းကို မြို့နယ်ဆေးရုံ၊ ကျေးရွာရှိကျေးလက်ဆေးပေးခန်းသို့သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။ မိုးတွင်းကာလတွင် ဝမ်းရောဂါ၊ငှက်ဖျားရောဂါများဖြစ်တက်သည်။

သောက်သုံးရေ-ကျေးရွာတွင် စိမ့်စမ်းရေသွယ် နှင့် လက်တူးတွင်းများရှိခြင်းကြောင့် သောက်သုံးရေအားဖြင့် ဖူးလုံမှုရှိသည်ဟု တွက်ဆနိုင်ပါသည်။

အခြား-နားလုံးကျေးရွာ၏ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်း ရှိပြီး ၊ စာသင်ကျောင်းမှာ အနောက်တောင်တောင့်တွင် ရှိပြီး ကျေးရွာပတ်လည် သစ်တောမြေများ ဖုံးလွှမ်းလျှက်ရှိကာ အရှေ့ဘက်၊ တောင်ဘက်တွင် နားထိန်နား ချောင်းမှာ အမြဲစီးဆင်းလျှက်ရှိပါသည်။

**သုံးသပ်ချက်**

နားလုံကျေးရွာသည် စီးပွားရေး အဆင့် ၃ဆင့် ရှိပြီး ရှမ်းလူမျိုးများ နေထိုင်ကြသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာ ဆေးပေးခန်း ရှိပြီး ကျန်းမာရေးအရ လွယ်ကူစွာ ဆေးဂါးကုသခံယူနိုင်ကြသည်။ တောတောင်ထူထပ်သောကြောင့် သဘာဝ စိမ့်စမ်းရေသွယ်နှင့် လက်တူးတွင်းများ မှ သောက်သုံးရေကို ရရှိနိုင်သည်။ မြို့နှင့် အလှမ်းဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီနှင့် ဆောင်းရာသီတွင် လွန်စွာခက်ခဲသောကြောင့် လူမှုရေး ပညာရေး စီးပွားရေးမှာ ဖွံ့ဖြိုးမှု အားနည်းကြောင့် သုံးသပ်မိပါသည်။

## ၄။ ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



## ဆွေးနွေးချက်


ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ-ရွာပတ်ဝန်းကျင်ရှိသစ်တောများမှထင်းထုတ်ယူသုံးစွဲနိုင်ပါသည်။ ဂါးများခုတ်ယူသုံးစွဲနိုင်ပါသည်။ကျေးရွာ၏အနီးတွင် နားထိန်နားချောင်းရှိ၍ သဲ၊ကျောက်များရရှိနိုင်ပါသည်။

စီးပွားရေးလုပ်ကိုင်စားသောက်ရသောအရင်းအမြစ်-လယ်ယာမြေများအသုံးပြု၍ စပါး၊ပဲအမျိုးမျိုး၊နေကြာ၊နှမ်း ၊စသည်တို့ကိုစိုက်ပျိုးနိုင်သည်။စားကျက်မြေများတွင်ကျွဲ၊နွားများမွေးမြူနိုင်ပါသည်။မြေလွတ်မြေရိုင်းများ ပေါ်များသော်လည်း နှစ်ရှည်ပင်စီးပွားဖြစ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။

## သုံးသပ်ချက်

နားလုံကျေးရွာ၏ အရင်းအမြစ် မြေပုံကို လေ့လာသုံးသပ်ရာတွင် သဘာဂသစ်တောကြီးများ ထူထပ်သောကြောင့် ဖွံ့ဖြိုးရေး လုပ်ငန်းထူထပ်သော အခြေခံ အဆောက်အဦးများ ဆောက်လုပ်ခြင်း အတွက် သစ်ဂါးများ လွယ်လင့်တကူ အသုံးပြုခြင်း နားထိန်နားချောင်းမှ သဲ ကျောက်များ အသုံးပြုနိုင်ခြင်း သစ်တောထွက် ပစ္စည်းများ ဖြစ်သော ပန်းရို ဂါးဥ စသည်တို့ မှ တပိုင်တနိုင် ဂင်ငွေရရှိပါသည်။ ကျေးရွာလူထုမှ စိုက်ပျိုးရေး အသိပညာ အားနည်းခြင်း အရင်းအမြစ်များ ကို လက်လှမ်းမှီသော်လည်း အသိပညာ လေ့လာမှု အားနည်းသည့်အတွက် အသုံးပြုနိုင်မှုအားနည်းသည်ကိုလည်း သုံးသပ်မိပါသည်။

## ၅။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**ဆွေးနွေးချက်**

ကျေးရွာ သာရေးနာရေး နှင့် အစည်းအဝေးပြုလုပ်ရာနေရာ မရှိခြင်းကြောင့် အခတ်အခဲဖြစ်ခြင်း

ကလေးငယ်များ ကျောင်းကြိုတက်လှမ်းရန်နှင့် ဖွံ့ဖြိုးမှုတွင် နောက်ကျခြင်း
ကျောင်းသား/သူများ ကျောင်းသွာရာတွင် အခတ်အခဲရှိခြင်း
လက်ရှိ သောက်သုံးရေ အားဖြင့် ကျေးရွာလူဦးရေနှင့် မလောက်ငှခြင်း
လှည်း၊ ကား၊ ဆိုင်ကယ်၊ ကျောင်းသား သွားလာရခက်ခဲခြင်း။
ဗဟုသုများအားနည်းခြင်း၊ မရှိခြင်း
ဆက်သွယ်ဆောင်ရွက်မှုများ နောက်ကျခြင်း


ဖြေရှင်းနည်းလမ်း

| | | |
|---|---|---|
| ၁ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း | ၂ မူကြိုကျောင်းဆောက်လုပ်ခြင်း | ၃ စာသင်ကျောင်းပြုပြင်ခြင်း |
| ၄ စိမ့်စမ်းရေသွယ်ပြုလုပ်ခြင်း | ၅ ရေကျော်ကွန်းကရစ် ပြုလုပ်ခြင်း | ၆ စာကြည့်တိုက်ဆောက်လုပ်ခြင်း |
| ၇ ရွာချင်းဆက်လမ်းများ ပြုပြင်ခြင်း | | |

**သုံးသပ်ချက်**

မြို့နှင့် အလှမ်းကွာဝေးခြင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ဌာနဆိုင်ရာမှ ထောက်ပံငွေ မရရှိခြင်း ရန်ပုံငွေ မရှိခြင်း အရင်းအမြစ်များကို အသုံးမပြုနိုင်း ခြင်း စီးပွားရေး အဆင်မပြေခြင်း အလှူရှင်မရှိခြင်း မြို့နယ်နှင့် ချိတ်ဆက်မှု အားနည်းခြင်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ကုန်သွယ်ရေး ခက်ခဲခြင်း ကျေးရွာတွင်း လူမှုရေး စီးပွားရေး ပညာရေး ဖွံ့ဖြိုးမှု နောက်ကျခြင်းများ သုံးသပ်သိရှိရပါသည်။

၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



## ဆွေးနွေးချက်

စီမံကိန်းပထမနှစ်တွင်ကျေးရွာတွင်း တံတားပြုပြင်ခြင်းလုပ်ငန်းကို ရံပုံငွေ ၉၆သိန်း ဖြင့် ကျေးရွားလူထုပူးပေါင်း၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါသည်

စီမံကိန်းဒုတိယနှစ်တွင် နားလုံကျေးရွာမှာ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း နှင့် မူကြိုကျောင်း ဆောက်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

စီမံကိန်းတတိယနှစ်တွင်နံ့းတုံကျေးရွာမှာ ရွာချင်းဆက်လမ်းပြုပြင်ချင်းလုပ်ငန်း များကို အကောင်အထည် ဖော် ဆောင်ရွက်သွားပါမည်။

စတုတ္တနှစ်တွင် နားလုံကျေးရွာ နှင့် နံ့းတုံကျေးရွာတို့မှာ စာသင်ကျောင်းလမ်းပြုပြင်ခြင်း နှင့် စာသင်ကျောင်း တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းများတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားးမည်ဖြစ်သည်။

## သုံးသပ်ချက်

နားလုံကျေးရွာမှ ဦးစားပေး ရွေးချယ်ထားသော လုပ်ငန်းများမှာ

(၁) ကျေးရွာခန်းမ

(၂) မူကြို ကျောင်းဆောင်အသစ်

(၃) ရွာမှ ကျောင်းသို့ သွာသည့်လမ်း

(၄) ရေကျော် ကွန်ကရစ်လမ်း

(၅) ရွာတွင်းလမ်း

## ၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊အမျိုးသား၊အမျိုးသမီးများအဖွဲ့၊ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ဂေါပက၊ ဓမ္မစကြာအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့များနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကျေးရွာအကျိုးပြုလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်ကြပါသည်။

## သုံးသပ်ချက်

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နေမှုအနေအထားမှာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပညာရေးဌာန၊ကျန်းမာရေးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊တိ/မွေးကု၊သစ်တော၊သမ၊၊စိုက်ပျိုးရေး၊မြေစာရင်းဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်မှုရှိပြီးကျေးရွာသားများအနေဖြင့်သက်ဆိုင်ရာကဏ္ဍအလိုက်လိုအပ်သောအကူအညီတောင်းခံမှုမှာမရှိသလောက်နည်းပါး ပါသည်။

၉။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှုရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု တွင် အမျိုးသားများက အမျိုးသမီးများထက်ပို၍ ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ပူးပေါင်းပါဝင်မှု အဆင့်တိုးရန်လိုအပ်နေပါသေးသည်။

ဝင်ငွေရရှိ အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၄)အထိ ရောက်ရှိနေပြီး အမျိုးသားများသာဝင်ငွေပိုရရှိနေသည့်အနေအထားတွေ့ရပါသည်။ အမျိုးသားများက အပြင်ထွက်စီးပွားရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင်အမျိုးသမီး ကပိုမိုနေပြီး စိုက်ပျိုးရာသီပြီးချိန်အမျိုးသားများက မြို့နယ်ပြင်ပသို့သွားရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။ အမျိုးသမီး ခေါင်းဆောင်များ ထွက်ပေါ်လာစေရန် ဖြစ်သည်။

ပညာသင်ကြားခွင့်နှင့်ပညာတတ်မြောက်မှုတွင်အမျိုးသားများအခွင်အရေးရရှိသည်ကိုတွေ့မြင်ရပါသည်။ကျေးရွာတွင်မူလတန်းကျောင်းရှိပြီးအခြေခံပညာရေးကို လက်လှမ်းမှီသည့်အနေအထားရှိပါသည်။

**သုံးသပ်ချက်**

အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာအမျိုးသားများတာတွေ့ရသည်။ အကြောင်းမှာ တောတောင်များအမှီပြု၍ လုပ်ဆောင်သော လုပ်ငန်းများကအမျိုးသမီးများထက်အမျိုးသားများက ပိုမိုလုပ်ကိုင်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။

ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် များစွာကွာဟမှုရှိနေပြီးတန်းတူမှုမရရှိသေးပါ။ ထို့ကြောင့် အမျိုးသမီးများအားနေရာပေးမှုမှာ အစဉ်အလာအရအမျိုးသားများက နေရာယူထားပြီး အမျိုးသမီးများကလည်းနေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေပါသေးသည်။
အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှုအမျိုးသမီးများတာတွေ့ရပါသည်။
အမျိုးသားများလည်းဝိုင်းကူလုပ်ပေးရပါမည်။

**၁၀။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်**




**ဆွေးနွေးချက်**

ရွာတွင်းလမ်းများ ကိုကျောက်ခင်းလမ်းများပြုလုပ်ခြင်း၊ တံတားများ ပြုပြင်ထားခြင်းကြောင့် ရာသီမရွေးသွားလာနိုင်မည်။ ကျေးရွာတွင်းရှိလမ်းများကို ပြင်ခြင်း၊ ရေမြောင်းများ ပါဝင်မည်။ သောက်ရေတွင်းများရရှိခြင်း၊ စာသင်ကျောင်းကောင်းမွန်စွာရရှိခြင်း။ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းစာကြည့်တိုက်ဆောက်၍ ပညာရေးဗဟုသုတများ ပြည့်စုံခြင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာသောကြောင့်လူနေထိုင်မှုစနစ်မှု များတိုးတက်လာမည်။ ကျေးရွာဈေးများရရှိ၍ အလွယ်တကူ ဝယ်ယူ ရောင်းချမှုတွင် အဆင်ပြေလာမည်ဖြစ်သည်။

## သုံးသပ်ချက်

လမ်းတံတားများ ကောင်းမွန်မှုရှိလာပြီး ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည်။

ကျေးရွာတွင်စာကြည့်တိုက်ရှိလာ၍ အသိပညာဗဟုသုတများ တိုးတက်လာမည်ဖြစ်သည်။

ယခင်ကထက်ပို၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ နည်းပညာအကူအညီများ ရရှိရန် ချိတ်ဆက်ဆောင်ရွက်တက်လာမည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲဆောက်လုပ်ပြီးစီးမှု မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲဆောက်လုပ်ပြီးစီးမှု မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးခင်မောင်သန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စန်းအေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးသာဖေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၄ | ဦးမြင့်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ကြည်ဂင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဒေါ်မကျန် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၇ | ဦးထွန်းနိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်ဌေးမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးချစ်ဂင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ ဥက္ကဋ္ဌ |
| ၁၀ | ဦးမောင်ငယ် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ခင်မြင့် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးကျန်အောင် | ကျား | အငြင်းပွားမှုဖြေရှင်းရေး |
| ၁၃ | ဒေါ်မြင့်ကြည် | မ | အငြင်းပွားမှုဖြေရှင်းရေး |
| ၁၄ | ဦးချစ်ဌေး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ခင်မာရီ | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ကြည်ဦး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်          ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးခင်မောင်သန်း          အုပ်စု စီထောက်ကော်မတီ ဘဏ္ဍာရေး ဥက္ကဋ္ဌ
ဒေါ်စန်းအေး          အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ခင်ပြုံးရီ

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ .........၉ ./ ၁၂.../၂၀၁၆......

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာကစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ စောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး [illegible] / မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---[illegible] | ၆၀ | ဘာသာ (၁) --ဗုဒ္ဓ---- | ၆၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ(၆၅ နှစ်နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 216 | 185 |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | 49 | 11 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

၄

လူထုဖော်ပြုဲ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) ၂၉.၁၀.၂၀၁၆

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ✓ ကတ္တရာလမ်း ကွန်ကရစ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း ✓ လှည်းသွားလမ်း ✓ မော်တော်ဆိုင်ကယ်လမ်း ✓
အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဖော်ပြုဲစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၆---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်-----၁ ၁-------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား --၁ ၁ ၃ ၀-------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --ရေ(၁၁)---(၂၀၁၆)---

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) · ၂၉.၁၀.၂၀၁၆

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိ

(၂) ----------


ကျေးရွာခေါင်းဆောင် — အမည် ဦးထွန်းရွှေ

လက်မှတ် [signature] နေ့စွဲ ၈.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခင်ပြုံးရီ

လက်မှတ် [signature] နေ့စွဲ [illegible]-12-2016

## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား




လူထုဗဟိုပြု [illegible]ကနား၊ စပကနားလကစွ အပုငး - (၃) - ၂၉.၁၀.၂၀၁၁

**ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 9.12.2016 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 8.12.2016 | 8.12.2016 | 45 | 27 | 60 | 70 \| |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 9.12.2016 | 9.12.2016 | 36 | 26 | 6[illegible] | 62 \| |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 13.12.2016 | 13.12.2016 | 10 | 9 | . | 19 \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |



# ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

လူထုဝင်ပို့ပြီး စီမံကိန်း။ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြင့်ရီ |
| ရက်စွဲ 9.12.2016 — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း — ပုလဲ မြို့နယ် ဘူ ? — ကျေးရွာအုပ်စု နှာတဲ — ကျေးရွာ နှာတဲ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာမှ စာသင်ကျောင်းလမ်း မပြုပြင် | ၁ | မိုးရေစမ်းရေသွယ် |
| ၂ | ရွာတွင်းကျောက်ချောလမ်းမပြုပြင် | ၂ | ရွာချင်းဆက်လမ်းကျုံးကျဲ |
| ၃ | ၂၄ နာရီ မီးမလင်းရေး | ၃ | ကျေးရွာမှစာသင်ကျောင်း လမ်းမပြုပြင် |
| ၄ | စာကြည့်တိုက် အသစ် | ၄ | ရေကျော်တံတား |
| ၅ | ရေကျော်ကွန်ကရစ်တံတား | ၅ | ရွာချင်းဆက်လမ်းတာခံ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ၊ ရွာချင်းဆက်လမ်း | ၁ | ရွာတွင်း သန့်ရှင်းသော ရေများရရှိနိုင်မည် |
| ၂ | များကောင်းမွန်ကျေးရွာဖွံ့ဖြိုး | ၂ | ရွာချင်းဆက်လမ်း၊ တံတားများကောင်း |
| ၃ | ၂၄နာရီမီးရ ဖွံ့ဖြိုး၊ ပညာတတ်ပေါ် | ၃ | မှန်မြဲမီးရွာရေ ဖွံ့ဖြိုးလာမည် |
| ၄ | များလာမည်-ကျေးရွာသန့်ရှင်း | ၄ | ပညာတတ်များ ပေါ်များလာပြီးကျေး |
| ၅ | ဝယ်ရေသွယ်စနစ် | ၅ | ရွာဖွံ့ဖြိုးတိုးတက်လာမည်. |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာမှစာသင်ကျောင်းသို့လမ်း | အမျိုးသား+အမျိုးသမီး | 10,000,000 | ~~40~~ ၄၀၁ |
| ၂ | ရေကျော်ကွန်ကရစ်တံတား | " | 15,000,000 | ၄၀၁ |
| ၃ | ရွာတွင်းလမ်း | အမျိုးသား | 20,000,000 | ၄၀၁ |
| ၄ | မိုးစမ်းရေသွယ် | အမျိုးသမီး | 10,000,000 | ၄၀၁ |
| ၅ | ရွာချင်းဆက်လမ်းကျုံးကျဲ | " | 20,000,000 | ၄၀၁ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးခင်မောင်သန်း လက်မှတ် [signature] နေ့စွဲ 9.12.2016

## ၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခင်ပြုံးနီ | |
| နေ့စွဲ 13-12-2016 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း / မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု နားလုံ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| နားလုံ | ကျေးရွာနှစ်ရွာဆက်သွယ်လမ်း | | ၄၀၁ | □ ကျား □ မ ☑ ကျား+ မ | ၁၄၅၆၀၀၀၀ | | | | ၁၀၅၆၀၀၀၀ |
| ပုံးတဲ | ကျေးရွာခန်းမ | | ၄၂၆ | □ ကျား □ မ ☑ ကျား+ မ | ၁၀၂၅၀၀၀၀ | | | | ၁၀၂၅၀၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ   အမည် လက်မှတ် ရက်စွဲ

ဦးအောင်သိန်း
13.12.2016

## ၁၃။ အစည်းအဝေး မှတ်တမ်းများ

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ နားလုံ ........

ကျေးရွာအုပ်စု ........ နားလုံ ........

အစည်းအဝေးပြုလုပ်သည့်နေရာ ........ နားလုံကျေးရွာခန်းမ ........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ 8.12.2016 ........

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ........ တတိယသုံးစီမံကိန်း မိတ်ဆက်အစည်းအဝေး ........

အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၄၃ ) ဦး၊ မ ( ၂၇ ) ဦး = ( ၇၀ ) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင် ... ပါဝင်ရမည်။


ရည်ရွယ်ချက် (၁) လူထုဗဟိုပြုစီမံကိန်း၏အကြောင်းအား သိရှိပြီး၊ စီမံကိန်းလက်ဝန်း လည်ပတ်ပုံ အဆင့်ဆင့်ကို သိရှိရန်

(၂) ကျေးရွာစေတနာ့ဝန်ထမ်းများ မှန်ကန်စွာရွေးချယ်နိုင်ရန်

(၃) လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ရန်

ဆွေးနွေးချက် (၁) – နားလုံအုပ်စု၊ နားလုံကျေးရွာခန်းမတွင် တတိယသုံးစီမံကိန်းစတင်နိုင်ရန် စီမံကိန်းမိတ်ဆက်အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီတွင် စတင်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြောင်းလဲလာသော ရန်ပုံငွေများ၊ စီမံကိန်း ထပ်တိုးဖြည့်နယ်များအကြောင်း ဆွေးနွေးခြင်း၊ စီမံကိန်းလက်ဝန်း လည်ပတ်ပုံအဆင့်ဆင့်၊ ကျားမရေးရာ ကဏ္ဍအားကောင်းလာစေခြင်း၊ ဝေဖန်အကြံပြုကဏ္ဍအား မေးမြန်းဆွေးနွေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်အကာအကွယ်များ လည်ပတ်ပြုပြင်ခြင်းများကိုလည်း ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက် (၂) ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ရာတွင်လည်း မိမိကျေးရွာအတွက် စေတနာ့အပြည့်ဖြင့် ဆောင်ရွက်နိုင်သူ ကျေးရွာတွင် နေထိုင်သူများကို ရွေးချယ်ရန် ဆွေးနွေးခဲ့ပြီး စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကိုလည်း ချပြခဲ့ပါသည်။ ကျေးရွာလူထုမှ အခက်အခဲများဖော်ထုတ်ရာတွင်လည်း ထိခိုက်လွယ်သော လူမျိုးစုများ၊ ဆင်းရဲနွမ်းပါးသူများပါဝင်နိုင်ရန် လူမှုဆန်းစစ်ခြင်းများပြုလုပ်ရာတွင်လည်း ပူးပေါင်းပါဝင်ရန် ဆွေးနွေးကြသည်။


ဆုံးဖြတ်ချက်။ "ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာ
မှုရှိရန် အများသဘောတူသည့်သူများကိုသာ ရွေးချယ်ရန်ဆုံးဖြတ်
ကြသည်။ ယခင်လက်ရှိစေတနာ့ဝန်ထမ်းများကိုရွေးချယ်ရန်သဘော
တူကြသည်။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများကိုလုပ်
ဆောင်ရာတွင် လည်းအုပ်စုဖွဲ့၍ ဆွေးနွေးပေးရန် ဆုံးဖြတ်ခဲ့ကြသည်။
သဘောတူညီချက်။ "ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင် ယခင်ကစ
မှလက်ရှိတာဝန်ထမ်းဆောင်နေသော သူများကိုရွေးချယ်ရန်
သဘောတူကြသည်။ စေတနာ့ဝန်ထမ်းများမှလည်းဆက်လက်၍
တာဝန်ထမ်းဆောင်ရန်သဘောတူကြသည်။ လူမှုဆန်းစစ်ခြင်း
များပြုလုပ်ရန်သဘော

[illegible]

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ …… နားဆုံ ……

ကျေးရွာအုပ်စု …… နားဆုံ ……

အစည်းအဝေးပြုလုပ်သည့်နေရာ …… နားဆုံ ကျေးရွာခန်းမ ……

အစည်းအဝေးပြုလုပ်သည့်နေ့ရက် …… ၉.၁၂.၂၀၁၆ ……

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ …… ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ……

အစည်းအဝေး တက်ရောက်သူဦးရေ။ ။ကျား ( ၃၆ ) ဦး၊ မ ( ၂၆ ) ဦး = ( ၆၂ ) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်ချက်စသည် ပါဝင်ရမည်။

ရည်ရွယ်ချက် (၁) ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များအား ရွေးချယ် အတည်ပြုနိုင်ရန်

(၁) ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ [သိရှိပြီး] မှန်ကန်စွာ ရွေးချယ်ပေး နိုင်ရန်

(၂) ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်များ ရွေးချယ်အတည်ပြု နိုင်ရန်

ဆွေးနွေးချက် (၁) ဒုတိယအကြိမ်အစည်းအဝေးတွင် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များအား ကျေးရွာလူထုမှ မှန်ကန်စွာ ရွေးချယ်ပေးနိုင်ရန် ဆွေးနွေးခဲ့ပါသည်။ ကော်မတီဝင် ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကိုလည်း ရှင်းပြဆွေးနွေးခဲ့ပါသည်။ ယခင်ရှိ ကော်မတီဝင်များကိုလည်း ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိမရှိနှင့် ခရီးသွားနေသော ကော်မတီဝင်များအားလည်း ပြန်လည်ရွေးချယ်ပေးရန် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရွေးချယ်ရာတွင်လည်း အမှန်တကယ်လိုအပ်ချက်များ ရှိမရှိနှင့် အကျိုးခံစားခွင့်များကိုလည်း ထည့်သွင်းစဉ်းစားရန် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။

။ ကျေးရွာစီမံကိန်းအတွက် အကူပြုကော်မတီဝင်များရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် အများဆန္ဒသဘောတူညီသောသူများကိုရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ခရီးထွက်နေသောကော်မတီဝင်များနေရာတွင် သင့်တော်သူများကိုအစားထိုးရွေးချယ်ရန် ~~သဘောတူကြသည်။~~ ဆုံးဖြတ်ခဲ့ကြသည်။ ကျေးရွာအခက်အခဲများဖော်ထုတ်ရာတွင်လည်း အမျိုးသမီးများ၏ထင်မြင်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် ဆုံးဖြတ်ခဲ့ကြသည်။

သဘောတူညီချက်။

။ ကော်မတီဝင်များအား ယခင်နှစ်များမှလက်ရှိအထိတာဝန်ထမ်းဆောင်နေသောကော်မတီများအား ခန့်ထားရန် ကျေးရွာလူထုမှသဘောတူကြသည်။ ကျေးရွာတွင်မရှိသောကော်မတီဝင်များနေရာတွင် သင့်တော်သူများကို ရွေးချယ်မည်ဟု သဘောတူကြသည်။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်များကို မိမိကျေးရွာတွင် အမှန်တကယ်လိုအပ်ချက်များကို ရွေးချယ်ရန်သဘောတူကြသည်။

မှတ်တမ်းတင်သူ

[signature]

ဒေါ်ခင်မာရီ

စာရေး၊ငွေထိန်း၊

၁၄။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

နားရည် (?)

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

မှုရင်းအား ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွင် ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား

| | အဆင့် | လုပ်ငန်း | အဆိုပြုသူ | လ/ နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျေးရွာခန်းမ | ကျား / မ | ၃/၂၀၁၅ | ကော်မတီ + ကျေးရွာလူထု | |
| | ၂ | မူကြိုကျောင်း ၁၁ဆောင် | ကျား / မ | ၃/၂၀၁၆ | 〃 | |
| | ၃ | ရွာမှ စာသင်ကျောင်းလမ်း ပြုပြင် | ကျား / မ | ၃/၂၀၁၇ | 〃 | |
| | ၄ | နားတိုင်း နားချောင်း ရေကျော် တွန်ကာရန်ပြုလုပ်ရန် | ကျား / မ | ၃/၂၀၁၈ | 〃 | |
| | ၅ | ရွာတွင်းလမ်း | ကျား / မ | ...../........... | | |
| [illegible] | ၁ | စိုက်ပျိုး ရေး နည်းပညာ | ကျား / မ | ...../........... | | |
| | ၂ | တိရစ္ဆာန်ဆေးပညာသင်တန်း | ကျား / မ | ...../........... | | |
| | ၃ | စက်ချုပ် သင်တန်း | ကျား / မ | ...../........... | | |
| | ၄ | အကူး အမြီး | ကျား / မ | ...../........... | | |
| | ၅ | ထောက်ပံ့ချေးငွေ | ကျား / မ | ...../........... | | |
| [illegible] | ၁ | | □ ကျား □ မ | ...../........... | | |
| | ၂ | | □ ကျား □ မ | ...../........... | | |
| | ၃ | | □ ကျား □ မ | ...../........... | | |
| | ၄ | | □ ကျား □ မ | ...../........... | | |
| | ၅ | | □ ကျား □ မ | ...../........... | | |
| [illegible] | ၁ | စာကြည့်တိုက်အဆောက် | ကျား / မ | ...../........... | | |
| | ၂ | | □ ကျား □ မ | ...../........... | | |
| | ၃ | | □ ကျား □ မ | ...../........... | | |
| | ၄ | | □ ကျား □ မ | ...../........... | | |
| | ၅ | | □ ကျား □ မ | ...../........... | | |
| အခြား | ၁ | စက်ပြင်သင်တန်း | ကျား □ မ | ...../........... | | |
| | ၂ | ကားဝပ်ရှော့သင်တန်း | ကျား □ မ | ...../........... | | |
| | ၃ | ကွန်ပျူတာသုံး စက်ပစ္စည်း | ကျား / မ | ...../........... | | |
| | ၄ | | □ ကျား □ မ | ...../........... | | |
| | ၅ | | □ ကျား □ မ | ...../........... | | |